
# ယူနန်ယဉ်ကျေးမှုသည် ကမ္ဘာနှင့်ချိတ်ဆက်လာ

(၂၀၁၁)ခုနှစ်တွင် ယူနန်ပြည်နယ် တိုက်ထားသည့် ပဒေသာကပွဲအစီအစဉ် "အန်ကော်ဝပ်အပြုံး"ကို ကမ္ဘောဒီးယား နိုင်ငံ၌ တင်ဆက်ဖျော်ဖြေခဲ့ပြီး ၎င်းသည် ခရီးသွားလာရေးအား အဓိကခေါင်းစဉ် ဖြင့်ပြသကာ ကျွန်တော်တို့တရုတ်နိုင်ငံ ယဉ်ကျေးမှုအသင်းမှနိုင်ငံခြားတွင် တင် ဆက်ဖျော်ဖြေသော ပထမဆုံးသောအစီ အစဉ်ဖြစ်သည်။ လက်ရှိအချိန်ထိတိုင် တင်ဆက်ကပြမှုပွဲစဉ် (၂၀၀၀)ကျော်ရှိပြီ ဖြစ်သည်။ ပွဲစဉ်ဝင်ငွေသည်တရုတ်ယွမ် ငွေသန်း(၂၀၀)ခန့်ရှိပြီဖြစ်သည်။ ကမ္ဘော ဒီးယားနိုင်ငံတော်အစိုးရ၏ "ကမ္ဘောဒီး ယားနိုင်ငံ ခရီးသွားဝန်ဆောင်မှုထောက်ပံ့ မှုဆု"ကို ပေးအပ်ခြင်းခံခဲ့ရသည်။ တရုတ် နိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနမှ "တရုတ် ယဉ်ကျေးမှု 'ပြည်ပသို့လျှောက်လှမ်းခြင်း စံပြလုပ်ဆောင်မှုဖြစ်သည်ဟု သတ်မှတ် ခြင်းခံရသည်။" တရုတ်နိုင်ငံလုပ်ငန်းရှင် များမှရင်းနှီးမြှုပ်နှံပြီး ဇာတ်စင်များတည် ဆောက်သည်။ ကမ္ဘောဒီးယားနိုင်ငံမှ သရုပ်ဆောင်မင်းသားမင်းသမီးများက တင် ဆက်ဖျော်ဖြေသည်။ ကမ္ဘာ့နိုင်ငံအသီး သီးမှပရိသတ်များက ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအလှများကို ခံစားနိုင်အောင် အကောင်အထည် ဖော်ဆောင်ပေးထား သည်။ အဆိုပါလုပ်ပုံလုပ်နည်းမှတဆင့် နှစ်ဦးနှစ်ဖက်၏ ယဉ်ကျေးမှုနှင့်တရား လှပမှုကို အပြန်အလှန်ဖလှယ်ပြီး မျှဝေခံ စားနိုင်သည်။ ယင်းသည်လည်း "ရပ်ဝန်း တစ်ခု၊ လမ်းကြောင်းတစ်ခု" အဆိုပြု ချက်၏ အဓိကအကြောင်းအရာဖြစ်ကာ အတူတကွညှိနှိုင်းဖလှယ်ခြင်း၊ အတူတကွ တည်ဆောက်ခြင်းနှင့် အတူတကွမျှဝေ ခံစားခြင်းဖြင့် ကံကြမ္မာတူအသိုက်အဝန်း ကိုတည်ဆောက်ကြသည်။ တရုတ်ပြည် လုံးကျွတ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တွင် ယူနန်ယဉ်ကျေးမှုရင်းနှီးမြှုပ်နှံမှုအဖွဲ့ အနုပညာရှင်များအသင်း ညွှန်ကြားစီစဉ်သူ 《အန်ကော်ဝပ်အပြုံး》၏ ဒါရိုက်တာထောင် ချွန်အနေဖြင့် 《အန်ကော်ဝပ်အပြုံး》သည် ဒေသခံပြည်သူလူထုနှင့် ယဉ်ကျေးမှုများကို ပေါင်းစပ်ပြီး တရုတ်နိုင်ငံ၏"ရင်းနှီးမှု" ကို ပေါ်လွင်စေသည်။ ယူနန်သည် "ရပ်ဝန်း တစ်ခု၊ လမ်းကြောင်းတစ်ခု" တည်ဆောက် မှုတွင် အရေးကြီးသော ပထဝီအခြေအနေ တွင်တည်ရှိပြီး ယဉ်ကျေးမှုဖလှယ်ရေး သည်လည်း အိမ်နီးချင်းနိုင်ငံများနှင့်ဖလှယ် ရေးအနက် အရေးကြီးသောအစိတ်အပိုင်း အဖြစ် အကျိုးဆောင်နေပါသည်။



ယုံကျီ (ယူနန်ပြည်နယ် ပေါင်စန်း မြို့တွင်ထုတ်လုပ်သည့် တရုတ်ပိုင်းပိတ် ကျားထိုးရန်အတုံးကလေး)တီထွင်သူ လီ တယ်ကျမ်း၏အမွေဆက်ခံသူ ယုံကျီထုတ် လုပ်မှုလျှို့ဝှက်ချက်ကို သိကျွမ်းသူ -လီ ကော်ဝေက ထိုကဲ့သို့ယူဆပါကြောင်းပြော ကြားသွားသည်။ တရုတ်ဝိုင်းပိတ်ကျား သည် တရုတ်နိုင်ငံ၏အဖိုးတန်ယဉ်ကျေးမှု တစ်ရပ်ဖြစ်သည်။ တရုတ်ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာများ ပေါင်းစပ်ထားသော အနှစ်သာရဖြစ်သည်။ "ယုံကျီ" သည် တရုတ်နိုင်ငံ၏ထူးချွန်သော တရုတ်ယဉ် ကျေးမှုကို ပြန့်ပွားအောင်လုပ်ဆောင်ခြင်း အတွက် အရေးပါသောကြားခံနယ်တစ်ခု ဖြစ်သည်။ အဖိုးတန်ယဉ်ကျေးမှုတစ်ရပ် နှင့် ယဉ်ကျေးမှုအမှတ်တံဆိပ်တစ်ခုလည်း ဖြစ်ပါသည်။ "နိုင်ငံတကာတွင် တရုတ် နိုင်ငံ၏ ကောင်းမွန်သောပုံရိပ်များကို တည်ဆောက်နိုင်ခြင်း၊ တရုတ်နိုင်ငံယဉ် ကျေးမှုအနှစ်သာရများကို ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပြည်သူလူထုများပိုမိုသိကျွမ်း နားလည်လာစေခြင်း၊ တရုတ်နိုင်ငံ၏ယဉ် ကျေးမှုအကြောင်းကမ္ဘာသို့ မိတ်ဆက်ပေး နိုင်သော ယဉ်ကျေးမှုအမှတ်တံဆိပ်တစ် ခုအနေနှင့် ယုံကျီတွင်ပါဝင်သောယဉ် ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစား ကဏ္ဍနှင့် စီးပွားရေးကဏ္ဍ၏ အဖိုးတန် အနှစ်သာရများကို ကောင်းမွန်စွာဖော် ထုတ်ခြင်းဖြင့် တရုတ်နိုင်ငံယဉ်ကျေးမှု အနှစ်သာရများကို ပိုမိုဆန်းပြားသွားစေ မည်ဖြစ်သည်။



ပြည်သူ့ကွန်ဂရက် အစည်းအဝေး တွင် လီကျမ်းမြို့ယဉ်ကျေးမှုပြတိုက် ဒုပြ တိုက်မှူးဖန်ယုံကျိန်သည် သူ့အမြင်တွင် ဖော်ပြသည်မှာယဉ်ကျေးမှုကို "ပြည်ပသို့ လျှောက်လှမ်းစေခြင်း"သည် တရုတ်ရိုးရာ ယဉ်ကျေးမှုနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်း တစ်ခု" လမ်းတလျှောက်နိုင်ငံများနှင့်ဒေသ ခံများအကြား ယဉ်ကျေးမှုများနှင့်အကျိုး ရှိစွာ ချိတ်ဆက်ထားရန်လိုအပ်နေသည်။ "တီထွင်ဖန်တီးခြင်း၊ ပုံစံဆန်းပြားသော တမူထူးခြားသော ယဉ်ကျေးမှုအထူးထုတ် ကုန်များကိုဖန်တီးနိုင်ရမည်။" "ကျွန်တော် တို့သည် "ပြည်တွင်းသို့ဖိတ်ခေါ်ခြင်း"နှင့် "ပြည်ပသို့လျှောက်လှမ်းစေခြင်း" အစီ အစဉ်တွင် ယဉ်ကျေးမှုအမှတ်တံဆိပ် ထုတ်ကုန်များကို ဖန်တီးနိုင်ရမည်။ တီထွင် ဖန်တီးမှုပြန့်ပွားခြင်းနည်းလမ်းများကို အထူးအလေးထားပြီး "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"၏ ယဉ်ကျေးမှုအနှစ် သာရများကိုသယ်ပို့ခြင်း၊ အမွေဆက်ခံ ခြင်းများလုပ်ဆောင်ခြင်းဖြင့် ယူနန်၏တံ ခါးဖွင့်ဝါဒအတွက်ပိုမိုခိုင်မာသော "ဆော့ဖ် ပါဝါ" နှင့် ခိုင်မာသောထောက်ပံ့မှုများကို ဖြစ်ထွန်းအောင်လုပ်ဆောင်နိုင်မည်ဖြစ် သည်။

သတင်းထောက် ရန်ကျီဟွေ

# တရုတ်ပြည်တွင်းရှိ ကွန်ဂရက်ညီလာခံနှစ်ခုကို နိုင်ငံခြားမီဒီယာ၏ စိတ်ဝင်စားဂရုစိုက်မှုရရှိ

တရုတ်ပြည်တွင်းကျင်းပသောကွန် ဂရက်ညီလာခံနှစ်ခု (၁၃ကြိမ်မြောက်တရုတ် ပြည်သူ့နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုညီလာ ခံအမျိုးသားကော်မတီ ပထမအကြိမ် အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက်ပြည် လုံးကျွတ် ပြည်သူ့ကွန်ဂရက်ပထမအကြိမ် အစည်းအဝေး)ကို နိုင်ငံတကာမှစိတ်ဝင် စားဂရုစိုက်မှုကို ရရှိပါသည်။

ပြည်ပနိုင်ငံ၏ အများထင်မြင်ချက် များအရ တရုတ်ကွန်ဂရက်ညီလာခံနှစ်ခု မှရလဒ်သည် စောင့်မျှော်ရကျိုးနှပ်သည် ဟု ယူဆကြသည်။

ရုရှားနိုင်ငံ 《လမ်းကြောင်းသစ်》 သတင်းကွန်ယက်၏အမြင်အရ တရုတ် နိုင်ငံစီးပွားရေးကို အထူးဂရုပြုနေသည့် သူများအတွက် နောက်(၅)နှစ် အချိန်ကာ လအတွင်းတွင်တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုပန်းတိုင်များသည် အလွန် ဂရုပြုနေကြမည်ဖြစ်သည်။ အရည်အသွေး မြင့်မားသောဖွံ့ဖြိုးတိုးတက်မှုများ၏ ညွှန် ကြားမှုအောက်တွင် ခေတ်မီသောစီးပွား ရေးစနစ်ကိုမည်ကဲ့သို့ တည်ဆောက်မည် နည်း၊ ဖွံ့ဖြိုးတိုးတက်မှုအချိန်ကာလ အတွင်းတွင်ရှိသော စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့လူနေမှုရေးရာ ပြဿနာများကို မည်ကဲ့သို့ဖြေရှင်းမည်နည်း။ အဆိုပါမေး ခွန်းများအတွက် တရုတ်နိုင်ငံအစိုးရ၏ လုပ်ငန်းအစီရင်ခံစာများအထဲမှ အဖြေ ရှာနိုင်လိမ့်မည်ဖြစ်သည်။

ကမ္ဘောဒီးယား နိုင်ငံနာမည်ကျော် တရုတ်စာသတင်းစာ 《ဟွာစံသတင်း စာ》 အသင်းမှပေကျင်းမြို့တွင်ကျင်းပ သောကွန်ဂရက်ညီလာခံနှစ်ခုသတင်းများ ကိုရယူရန်အတွက် သတင်းထောက်ကို ပထမဦးဆုံးအကြိမ်စေလွှတ်ခဲ့သည်။ အဆို ပါသတင်းထောက်ရေးသားသောသတင်း ထဲတွင် တရုတ်နိုင်ငံတွင်ကျင်းပသော ကွန် ဂရက်ညီလာခံနှစ်ခုကို အများကအထူး ဂရုပြုနေကြသည်။ သက်ဆိုင်သော ရလဒ်များသည် တရုတ်နိုင်ငံအတွက် သာမက တစ်ကမ္ဘာလုံးအတွက် အကျိုး သက်ရောက်မှုများရှိစေမည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ 《Cambodiaနေ့စဉ် သတင်းစာ》 တွင် ဖော်ထုတ်ထားသော သတင်းအရ ယခုနှစ်တရုတ်နိုင်ငံ၏ ကွန် ဂရက်ညီလာခံနှစ်ခုကို လူအများကအထူး ဂရုပြုလျက်ရှိနေကြသည်။ အဘယ် ကြောင့်ဆိုသော် တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုး တက်မှုအတွက်ဆိုလျှင် (၂၀၁၈)ခုနှစ်သည် အလွန်အရေးပါလှသော နှစ်တစ်နှစ်ဖြစ် သည်။ တရုတ်နိုင်ငံ၏ နောက်တစ်ဆင့် ပြောင်းလဲမှုအတွက် မည်သည့်နေရာမှ စတင်ရမည်နည်း။ "အချိန်ဇယား"နှင့်"လမ်း ကြောင်းပြမြေပုံ"ကို မည်ကဲ့သို့ရေးဆွဲသတ် မှတ်မည်နည်း။ အသစ်တဖန်အကောင် အထည်ဖော်ဆောင်ရမည့် ပြုပြင်ပြောင်း လဲမှုများမှာအဘယ်ရှိမည်နည်း။ အဆိုပါ မေးခွန်းများသည် နိုင်ငံတကာမှတရုတ် နိုင်ငံ၏ ကွန်ဂရက်ညီလာခံနှစ်ခုပေါ်တွင် ထားရှိသော မျှော်လင့်ချက်များပင်ဖြစ် သည်။

စင်္ကာပူနိုင်ငံ 《ယူနီယန်နံနက်ခင်း သတင်း》၏ဖော်ပြချက်များအရ ယခုနှစ် တရုတ်နိုင်ငံ၏ ကွန်ဂရက်ညီလာခံနှစ်ခု သည် "သန်းကြွယ်သူဌေး"ကိုယ်စားလှယ် နှင့်ကော်မတီဝင်လူဦးရေများ လျော့နည်း လာပြီး တချိန်တည်းတွင်လုပ်ငန်းနယ် ပယ်သည်လည်း ပြောင်းလဲမှုများဖြစ်ပေါ် နေသည်။ အဆိုပါအကြောင်းအရာမှ တစ်ဆင့် လုပ်ငန်းများ၏လျင်မြန်စွာတိုး တက်ဖွံ့ဖြိုးမှုနှင့် တရုတ်နိုင်ငံစီးပွားရေးဖွဲ့ စည်းပုံပိုမိုကောင်းမွန်အောင် ပြောင်းလဲ မှုများကို ပေါ်လွင်စေသည်။ စီးပွားရေး အပိုင်းမှကြည့်သော် သန်းကြွယ်သူဌေး ကိုယ်စားလှယ်များနှင့် ကော်မတီဝင် လူဦးရေအချိုး လျော့နည်းလာခြင်းနှင့် အဆိုပါလုပ်ငန်းနယ်ပယ်အတွင်း အချိုး ချမှုများပြောင်းလဲလာခြင်းသည် တရုတ် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်း ကြောင်းဦးတည်ချက်နှင့် သက်ဆိုင်နေပါ သည်။ အင်တာနက်လုပ်ငန်းရှင်များနှင့် အဆင့်မြင့်ထုတ်လုပ်မှုလုပ်ငန်းများ ပေါ် ထွန်းလာကြသည်။ ၎င်းသည် တရုတ်နိုင်ငံ ၏ယခုနှစ်ပိုင်းအချိန်ကာလ အိမ်ခြံမြေ အပိုင်းကဏ္ဍကို အလေးပေးထိန်းညှိလာ ခြင်းကြောင့်ဖြစ်ပေသည်။ ထောက်ပံ့မှု အပိုင်းကဏ္ဍ ဖွဲ့စည်းပုံပြောင်းလဲခြင်းနှင့် သက်ဆိုင်နေပေသည်။

(《စီးပွားရေးနေ့စဉ်သတင်း》 မှ ထုတ်နုတ်ထားခြင်းဖြစ်သည်)